# ကရင်နီ ဒီးကူပွဲတော်

## အဲဒိုပေါ်မီ(ဖဲဧဟမူ့ ဧမှဠ်ုမဍူ)ခေါ် ဒီးကူပွဲ

ကရင်နီလူမျိုးတို့၏ ဒီးကူပွဲတော်ကျင်းပရခြင်းမှာ ဒဏ္ဍာရီသမိုင်းကိုအခြေခံရပြုလုပ်ကျင်းပရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒီးကူပွဲတော်အကြောင်းအားဖော်ပြရာတွင် ၎င်းအကြောင်းနှင့် ပတ်သက်သော ဒဏ္ဍာရီသမိုင်းကြောင်းအကျဉ်းချုပ်ကို ဖော်ပြရမည်ဖြစ်ပါသည်။

ယခုကရင်နီပြည်ကို ရှေးအခါက 'ခနျားမော်ဒီးမောဆိုကေ့'(**ခဍူနဟဍူမဍ်ု ဧဍူမမှဍ်ဂဍူ ဘမှဍ်**)ခေါ် ဒွေးမယ်နော် ငွေတောင်ပြည်ဟူ၍သာ သိရှိခဲ့ကြပါသည်။ ငွေတောင်ပြည်တွင် နေထိုင်သောလူမျိုးများမှာ ကရင်နီလူမျိုးများနှင့် ၎င်း၏ အနွယ်ဝင်စုများသာဖြစ်ပါသည်။ ငွေတောင်ပြည်ကို **ခဍူနဟဍူမဍ်ု** ခေါ် ဒွေးမယ်နော်နတ်သမီးများက အုပ်ချုပ်ခဲ့သည်ဟု ယူဆကြပါသည်။ ၎င်းနတ်သမီးများအုပ်ချုပ်ခဲ့စဉ်က နိုးကိုးဒေသတွင် ကလေးတစ်ယောက်မွေးဖွားခဲ့ပါသည်။ ထိုကလေးမှာ မွေးမွေးပြီးချင်း ၎င်း၏မိခင်မှာ သေဆုံးသွားရှာပါသည်။ ၎င်းကလေးသည် သျှားထူးဖဲ(**ဓှဟဍ့ပါဍ့ဂီဍ့**)ဟု အမည်တွင်ပါသည်။ ထိုကလေးသည် အဖွားဖြစ်သူ၏စောင့်ရှောက်မှုဖြင့် လူလားမြောက်လာခဲ့ပါသည်။ သူသည် ရိုးသားဖြောင့်မတ်ပြီး ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်ပါသည်။ ထို့ကြောင့် ခနျားမော်နတ်သမီးများက ၎င်းအားခါးစကြိုးတစ်လက်ကိုပေးပြီး ငွေတောင်ပြည်ကို ကာကွယ်စောင့်ရှောက်စေပါသည်။ ထိုအချိန်တွင် မြောက်ဘက်မှယွန်းလူမျိုးတို့သည် တောင်ဘက်သို့ဆင်းလာပြီး တိုင်းနိုင်ငံကိုစတင်ထူထောင်နေသောအချိန်ဖြစ်ပါသည်။ ယွန်းလူမျိုးတို့သည် ငွေတောင်ပြည်အား အကြိမ်ကြိမ် ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့သော်လည်း သျှားထူးဖဲ **ဓှဟဍ့ပါဍ့ဂီဍ့** ၏ ပြန်လည်ခုခံမှုကြောင့် မအောင်မြင်ခဲ့ပေ။ သို့သော် ယွန်းလူမျိုးတို့သည် လက်မလျှော့ပဲ ဆက်လက်၍ ကျူးကျော်စစ်ကိုဆင်နွှဲခဲ့ကြပါသည်။ နောက်ဆုံးတွင် ၎င်းတို့သည် သျှားထူးဖဲ၏ လူယုံတော်အားဖမ်းမိလိုက်ကြပါသည်။ ယွန်းတို့သည် ၎င်းလူယုံတော်အား သျှားထူးဖဲ၏ ခါးစကြိုအကြောင်းကို မေးမြန်းပါတော့သည်။ ခါးစကြိုအား ဘာနှင့်အစာကျွေးသည်၊ မည်သည့်အချိန်တွင် ကျွေးသည်စသည်တို့ကိုမေးမြန်းရာ သျှားထူးဖဲ၏လူယုံတော်လည်းကြောက်သောကြောင့် ခါးစကြိုအကြောင်းအားလုံးကို ပြောပြလိုက်ပါတော့သည်။ ထိုအခါယွန်းတို့သည် သျှားထူးဖဲ၏ လူယုံတော်အားခေါ်ယူကာ ညအချိန်၌သျှားထူးဖဲအိမ်ရှိရာသို့ ချဉ်းကပ်လာပြီး ခါးစကြိုအားအိမ်ပြင်မှနေ၍ ကြက်ဖြူတစ်ကောင်ဖြင့် ပူဇော်ပသလိုက်ပါသည်။ ထို့နောက်ယွန်းတို့သည် လျှပ်တပြက်ဝင်ရောက်တိုက်ခိုက်ရာ သျှားထူးဖဲလည်းတိုက်ပွဲအတွင်းတွင် ခါးစကြိုအား ခါးအိမ်မှ ဆွဲထုတ်၍မရတော့ပေ။ ထိုအခါ၎င်းသည်ဒေါသထွက်ပြီး ခါးအိမ်အပါအဝင် ခါးစကြိုအား မြေသို့အားကုန်လွှဲ၍ခုတ်ချလိုက်ရာ မြေကြီးမှာအက်ကွဲသွားပြီး ရေကန်ငယ်တစ်ခုအဖြစ် ဖြစ်လာခဲ့ပါသည်။ (ယခုတိုင် သျှားထူးဖဲရေကန်ဟူ၍ နန်းမယ်ခုံအနောက်ဘက်တွင် ရှိနေသေးပါသည်) သျှားထူးဖဲသည်လည်းလိပ်အသွင်ဆောင်ပြီး ရေကန်ထဲသို့ခုန်ချလိုက်ပါသည်။ ယွန်းလူမျိုးတို့လည်း သိသွားပြီး လိပ်ကိုဖမ်းမိရေးအတွက် ကွန်ပစ်၍ရှာကြပါသည်။ နောက်ဆုံးတွင် (သျှားထူးဖဲ)လိပ်ကို ဖမ်းမိလိုက်ကြပါသည်။ ယွန်းလူမျိုးတို့သည် လိပ်ကိုချက်စားကြပြီး အရိုးနှင့်အခွံကို မြေတွင်ပစ်ထားခဲ့ကြပါသည်။ ထိုလိပ်ခွံနှင့် အရိုးတို့သည် တောဝက်သိုးကြီးတစ်ကောင်အသွင်သို့ ပြောင်းသွားကာ တောထဲရှိတောဝက်များကိုစုစည်းကာ ယွန်းလူမျိုးများကို ဆက်လက်၍ ရန်ရှာတိုက်ခိုက်ကြပါသည်။ ယွန်းလူမျိုးတို့၏ စပါးသီးနှံပင်များအားလုံးကို ဖျက်ဆီးပစ်လိုက်ကြပါသည်။ ယွန်းလူမျိုးတို့သည်လည်း ဝက်သိုးကြီးကိုသတ်ရန်အတွက် နှစ်လပေါင်းများစွာကြိုးစားရပြန်တော့သည်။ နောက်ဆုံးတွင် ဝက်သိုးကြီးအားသတ်မိပြီး ချက်စားကြပြန်ပါသည်။ ဝက်သိုးကြီးအရိုးအား မြေတွင်ပစ်ထားခဲ့ရာ ဝက်သိုးကြီး၏ အရိုးမှ မျောက်ဝံကြီးတစ်ကောင်ဖြစ်လာပြီး ၎င်းမျောက်ဝံသည် တောတွင်းရှိအခြားသော မျောက်များနှင့်ပေါင်းကာ ယွန်းတို့၏ သီးနှံခင်းများ၊ စပါးခင်းများကို လိုက်လံဖျက်ဆီးပြန်သည်။ ယွန်းတို့လည်း မျောက်များကိုနှိမ်နင်းပြီး မျောက်ဝံကြီးကို လိုက်လံသတ်ဖြတ်ရပြန်ပါသည်။ ၎င်းတို့သည်နောက်ဆုံးတွင် မျောက်ဝံကြီးအားသတ်ဖြတ်မိကြကာ ယခင်ကကဲ့သို့ချက်စားကြပြန်ပါသည်။ သို့သော်ဤတစ်ကြိမ်တွင်မူ မျောက်ဝံကြီး၏အရိုးအား မြေတွင်မပစ်ကြတော့ပဲ စုစည်းကာသစ်ပင်ပေါ်သို့တက်၍ နှီးဖြင့်ချည်ထားလိုက်ကြပါသည်။ ထိုအခါတွင် မျောက်ဝံကြီး၏အရိုးသည် မွှေးကြိုင်သောသဇင်ပန်းများအဖြစ် အသွင်ပြောင်းသွားကြပါတော့သည်။ ယခုတိုင်ကရင်နီလူမျိုးတို့သည် သစ်ပင်ပေါ်တွင် ပေါက်သောသဇင်ပန်းများအား သျှားထူးဖဲ၏အရိုးဖြစ်သည်ဟု ယူဆကြပါသည်။ ယနေ့အထိ တေးဖွဲ့ဆိုကြရာတွင်လည်း သျှားထူးဖဲသည် ဘဝသုံးဆက်ပြောင်းနိုင်သည်ဟု ချီးမွမ်းစပ်ဆိုလေ့ရှိကြပါသည်။

သျှားထူးဖဲမရှိတော့သည့်အခါတွင် ယွန်းလူမျိုးတို့သည် ငွေတောင်ပြည်ကြီးအားသိမ်းပိုက်လိုက်ကြကာ ကရင်နီလူမျိုးနှင့် ၎င်းအနွယ်စုများကို ကျွန်ပြု၍ ဖိနှိပ်အုပ်ချုပ်လေတော့သည်။ ကရင်နီနှင့် မျိုးနွယ်စုများအား လယ်ဖော်ခိုင်းခြင်း၊ သတ္တုများတူးခိုင်းခြင်း၊ ယွန်းလူမျိုးတို့၏လုပ်ငန်းများတွင် အခမဲ့စေခိုင်းခြင်းများ စသည့်လုပ်ငန်းများကိုလုပ်ခိုင်းသည့်အပြင် ကရင်နီလူမျိုးများအပေါ်တွင်လည်း အခွန်တော်များအဖြစ် ဆန်စပါးများအား အဆမတန်ကောက်ခံခဲ့ကြပါသည်။ ဤကဲ့သို့ ယွန်းလူမျိုးများသည် ကရင်နီလူမျိုးများအပေါ်တွင် နှစ်ပေါင်းများစွာကျွန်ပြု၍ ဖိနှိပ်အုပ်ချုပ်လာခဲ့ကြပါသည်။ ဤကဲ့သို့ ယွန်းလူမျိုး၏ ကျွန်ပြုဖိနှိပ်အုပ်ချုပ်မှုကို မခံနိုင်ကြသောကရင်နီလူမျိုးတို့သည် လွတ်မြောက်ရေးအတွက် အမြဲတမ်းနည်းလမ်းရှာကြံကြပါတော့သည်။

တနေ့သောအခါတွင် 'ယယ်ရယ်'(**ဟဍဲ့ဂျဍဲ**)ဟု အမည်ရသော ကရင်နီအမျိုးသားတစ်ယောက်သည် ဖိုးဒီးကရီ

# ကရင်နီ ဒီးကူပွဲတော်

(ဂံၢ်မူၤဒီၣ်ဃၢဒီၣ်)ခေါ် နတ်ရုပ်တစ်ခုကိုပြုလုပ်ပြီး အသက်သွင်းထားလိုက်ပါသည်။ ထို့နောက် ယယ်ရယ်သည် ယွန်းမင်းကြီးထံသို့သွားပြီး ယခုကရင်နီလူမျိုးတို့သည် မိမိတို့ဘုရင်တစ်ပါးရှိနေပြီဖြစ်၍ ယွန်းမင်းကြီးကိုအခွန်မဆောင်လိုတော့ကြောင်း၊ ယွန်းမင်းကြီးထံတွင်လည်း ကျွန်အဖြစ်မခံလိုတော့ကြောင်း လျှောက်တင်ပါသည်။ ယွန်းမင်းကြီးလည်း အမျက်ဒေါသချောင်းချောင်းထွက်ပြီး ချက်ချင်းစစ်သည်ဗိုလ်ပါများကိုပြင်ဆင်ကာ ယယ်ရယ်အားခေါ်၍ ၎င်းပြောသောကရင်နီဘုရင်ကိုတိုက်ခိုက်ချေမှုန်းရန် စစ်ချီလာခဲ့ပါတော့သည်။ ယယ်ရယ်သည် ယွန်းမင်းကြီးအားလမ်းပြ၍ ခေါ်လာပြီး မိမိပြုလုပ်ထားခဲ့သော ဖိုးဒီးကရီနတ်ရုပ်ကိုသွားပြလိုက်ပါသည်။ ယွန်းမင်းကြီးလည်း နတ်ရုပ်ကိုတွေ့သောအခါ ကြီးစွာအမျက်ဒေါသထွက်လျက် ခြေဖြင့်၎င်းနတ်ရုပ်အား ကန်ချလိုက်ကာ ရစရာမရှိသည်အထိ နင်းချေပစ်လိုက်ပါသည်။ ထို့အတူ ယွန်းမင်းကြီးနှင့်အတူပါလာသော ယွန်းစစ်သည်ဗိုလ်ပါများသည်လည်း ထိုနတ်ရုပ်ကိုမိမိတို့စိတ်ကျေနပ်သည်အထိ နင်းချေဖျက်ဆီးပစ်ပြီး ၎င်းတို့နန်းဟော်သို့ပြန်သွားကြပါသည်။ ၎င်းတို့ဟော်နန်းသို့ပြန်မရောက်ခင် လမ်းခုလတ်တွင် ဝမ်းရောဂါများဖြစ်ပွားရရှိကြကာ ယွန်းဘုရင်အပါအဝင် စစ်သည်ဗိုလ်ပါများစွာ သေဆုံးသွားကြရပါတော့သည်။

ဤအချင်းအရာကိုတွေ့မြင်သိရှိကြသော ကရင်နီလူမျိုးနှင့် အနွယ်ဝင်တို့သည် ဓါး၊ လှံတို့ကိုစွဲကိုင်ကြကာ ယွန်းတို့ကိုစတင်တော်လှန်တိုက်ခိုက်ကြပါတော့သည်။ ဤသို့ယွန်းလူမျိုးတို့ကိုတော်လှန်တိုက်ခိုက်ရာတွင် တိုက်ပွဲပေါင်းများစွာဖြင့် ရက်လပေါင်းများစွာကြာတိုက်ခိုက်ကြရပါသည်။ ဤသို့စစ်တိုက်ကြရာ၌ ယွန်းတို့သည် ကောက်ညှင်းထမင်းအား အမှုန့်ထောင်းကာ ခေါပုတ်အများအပြားပြုလုပ်ကြပြီး မိမိတို့ခမောက်အောက်တွင် ကပ်ထား၍ စစ်သုံးရိက္ခာအဖြစ်အသုံးပြုစားသုံးခဲ့ကြပါသည်။ ကောက်ညှင်းခေါပုတ်သည် မီးနှင့်ကင်ပါက ပြန်၍ပျော့သွားပြီး လွယ်လွယ်ဖြင့်စားသုံးနိုင်သော ရိက္ခာတစ်မျိုးဖြစ်ပါသည်။ ကရင်နီလူမျိုးများသည်လည်း ဒီးကူခေါ် ကိုင်းပင်တစ်မျိုး၏ အရွက်ဖြင့် ကောက်ညှင်းကိုထုပ်၍ ပြုတ်ပါသည်။ ၎င်းကောက်ညှင်းထုပ်အား ယခုမိမိတို့ခေါ်သော 'ဒီးကူ'(ဒီၣ်ဆၢဖၣ်)ဖြစ်လာပါသည်။ ဒီးကူထုပ်သည် ခုနှစ်ရက်အတွင်းမပုပ်မသိုးပဲ စားသုံးနိုင်ပါသည်။ ခြောက်သွားလျှင် မီးနှင့်ကင်ပါက ပြန်ပျော့သွား၍စားသုံးနိုင်ပါသည်။ ဒီးကူအား သုံးလေးခုစုစည်းပြီး နီးဖြင့်ချည်၍ပြုတ်ရခြင်းသည် ယွန်းလူမျိုးများကိုတိုက်ထုတ်ရာတွင် ပါဝင်သောအနွယ်စုများ၏ စည်းလုံးညီညွတ်ခြင်းသဘောကို ပြသခြင်းဖြစ်ပါသည်။ ကရင်နီလူများတို့သည် ငွေတောင်ပြည်တွင်းရှိ ယွန်းလူမျိုးတို့၏ ကျေးရွာများကို ဆက်လက်၍လိုက်လံတိုက်ခိုက်မောင်းထုတ်ကြပါသည်။ နောက်ဆုံးတွင် ယွန်းလူမျိုးတို့သည် မိုးတွင်းအချိန်၌ မြောက်ဘက်သို့အလုံးအရင်းဖြင့် ပြန်လည်ဆုတ်ခွာသွားကြပါတော့သည်၊ ယွန်းလူမျိုးတို့ဆုတ်ခွာသွားပြီးလျှင်ပြီးချင်း ကရင်နီလူမျိုးတို့သည် ကျေးရွာတိုင်း၌ အဲဒူ(ဝါ) ပေါမီ(ဖဲဒီၣ်ဟၣ်ပှၤ ဒီၣ်မူဒ်ၣ်မၣ်)ခေါ် ဒီးကူပွဲကိုပြုလုပ်ကျင်းပကြတော့သည်။ ဤကဲ့သို့ယွန်းလူမျိုးများအားလုံးဆုတ်ခွာသွားကြသဖြင့် ငွေတောင်ပြည်တွင် ယွန်းထည်ပြုလုပ်သည့်အတတ်ပညာများ ပပျောက်သွားမည်ကိုစိုးရိမ်လာခဲ့ကြပြန်ပါသည်။ ထို့ကြောင့် ကရင်နီလူမျိုးအချို့သည် ယွန်းနောက်သို့ပြန်လိုက်သွားပြီး ယွန်းပညာသည်အချို့ကိုပြန်ခေါ်လာကာ ငွေတောင်ရွာတွင် ကောင်းစွာထားရှိ၍ စောင့်ရှောက်ကာကွယ်ထားခဲ့ကြပါသည်။ အမှန်မှာ ဒီးကူပွဲသည် ယွန်းလူမျိုးတို့၏ ဖိနှိပ်ကျွန်ပြုမှုအောက်မှ လွတ်မြောက်သော အထိမ်းအမှတ်ပွဲတော်တရပ်ပင်ဖြစ်သည်။ ယွန်းလူမျိုး၏ လက်အောက်မှလွတ်မြောက်ပြီးနောက် ငွေတောင်ပြည်ဟုမခေါ်ဆိုတော့ဘဲ ကရင်နီပြည်ဟု ယနေ့တိုင်ခေါ်ဆိုလာခဲ့ကြပေသည်။ သို့သော်ကရင်နီလူမျိုးတို့သည် မိမိတို့လွတ်မြောက်သောနေ့ရက်ကို စာဖြင့်ပေဖြင့်အတိအကျရေးမှတ်ထားနိုင်ခဲ့ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ယွန်းလူမျိုးများအကုန်အစင်ဆုတ်ခွါသွားသော မိုးတွင်းဖြစ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ဒီးကူပွဲကို နှစ်စဉ်နှင့်အမျှ ကျေးရွာတိုင်းက ပြုလုပ်ကျင်းပကြပါသည်။ ဒီးကူပွဲကို အများအားဖြင့် (၃)ရက်ကျင်းပကြပါသည်။ ဒီးကူပွဲတွင် ဒီးကူခေါ်ကောက်ညှင်းထုပ်ကိုထုပ်ပြီး ပြုတ်ကြပါသည်။ ကြက်၊ ဝက်နှင့် နွားများကိုသတ်ပြီး ဟင်းလျာအဖြစ်ချက်ပြုတ်ကြပါသည်။ ခေါင်ရည်နှင့် အရက်တို့ကိုလည်းချက်ကြပါသည်။ ထို့နောက် ရောက်လာသော ဧည့်သည်ပရိသတ်တို့ကို အိမ်တိုင်းဖိတ်ခေါ်ပြီး ဒီးကူ၊ ထမင်းဟင်းလျာနှင့် ခေါင်ရည်အရက်များဖြင့် ကျွေးမွေးလှူဒါန်းကြပါသည်။ ဒီးကူအကဖြင့်လည်း (၃)ရက်တိတိ အိမ်တိုင်းသို့လှည့်လည်၍ ကပြဖျော်ဖြေကြပါသည်။ ဖိတ်ကြားထားသော အနီးအနားရှိကျေးရွာများသည်လည်း ဗုံမောင်းများ သယ်ဆောင်လာကြပြီး ဒီးကူပွဲကျင်းပပြုလုပ်ရာကျေးရွာတွင် အိမ်တိုင်းသို့လှည့်လည်၍ဖျော်ဖြေကပြကြပါသည်။

## ဒီးကူပွဲအတွင်း ဆောင်ရွက်ရသည့် ရိုးရာအစီအစဉ်များမှာ–

*(၁)သောလူး (ဒှးဒီးလၢမူၤဖၣ်)ခေါ် ဆွမ်းလောင်းပွဲ*

သောလူး(ဒှးဒီးလၢမူၤဖၣ်)ခေါ် ဆွမ်းလောင်းပွဲကျင်းပရခြင်းမှာ ရှေးအခါကယွန်းလူမျိုးများတိုက်ထုတ်ရာတွင် ကျဆုံးသွားကြသောသူများကို သတိယအောက်မေ့သောအားဖြင့် ပြုလုပ်ရခြင်းဖြစ်သည်။ သို့သော်ယခုအခါတွင် ကျဆုံးသွားသောသူများကို သတိမရတော့ပဲ အိမ်တိုင်းလိုလိုပင် သေဆုံးသွားကြသော ၎င်းတို့၏ ဘိုးဘွားမိဘဆွေမျိုးများကိုရည်ရွယ်၍ ဆွမ်းလောင်းကြပါသည်။ ထိုသို့ဆွမ်းလောင်းပွဲများကျင်းပပြုလုပ်ရာတွင် ဒီးကူတစ်ထုပ်ကို တစ်ဝက်ဖြေပြီး ဒီးကူသုံးလေးခုကို ပူးတွဲချည်ကာ အိမ်အပြင်ဘက်လှေကားထိပ်ရှိထရံပေါ်တွင် ချိတ်ဆွဲချည်နှောင်ထားပါသည်။ ၎င်းနောက် ဝါးပူးငယ်တစ်ခုကိုခုတ်ပြီး ခေါင်ရည်များထည့်ကာ ဒီးကူနှင့်အတူထရံတွင်ထိုးထားလိုက်ရပါသည်။ ထိုနည်းတူ မီးဖိုဆောင်တွင်လည်း အလားတူပြုလုပ်ရပြီး

# ကရင်နီ ဒီးကူပွဲတော်

၎င်းကဲ့သို့တစ်ခုချည်နှောင်ထားရပါသည်။ ဤကဲ့သို့ပြုလုပ်ရခြင်းမှာ သေဆုံးသွားသော မိဘဆွေမျိုးဝိဉာဉ်များပြန်လာ၍ သုံးဆောင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။ ဤကဲ့သို့ အိမ်အပြင်ဘက်တွင်တစ်ခုနှင့် မီးဖိုဆောင်တွင်တစ်ခုထားရှိရခြင်းမှာ ဆွေမျိုးဝိဉာဉ်များနှင့်အတူပါလာသော ဧည့်သည်ဝိဉာဉ်များအတွက် အပြင်တွင်သုံးဆောင်ရန်နှင့် ဆွေမျိုးဝိဉာဉ်များအတွက်မှာမူ အတွင်းမီးဖိုဆောင်တွင်သုံးဆောင်ရန်ဖြစ်ပါသည်။ ထို့အပြင် ကြက်တစ်ကောင်အားဖမ်းကာ ကြက်ရိုးထိုးမေးမြန်းပြီး ၎င်းကြက်အား အကောင်လိုက်ပြုတ်၍ ဖက်ဖြင့်ဆက်လက်ထုပ်ပြီးနောက် ထမင်းတစ်ထုပ်နှင့်အတူ မီးဖိုဆောင်တွင်းရှိစင်တစ်ခုပေါ်တွင် တင်ထားရပါသည်။ ရည်ရွယ်ချက်မှာ ပြန်လာသော ဆွေမျိုးဝိဉာဉ်နှင့်ပါလာသောဧည့်သည်ဝိဉာဉ်များ သုံးဆောင်ကြရန်ဖြစ်ပါသည်။ ကရင်နီလူမျိုးများသည် ဒီးကူပွဲအချိန်အတွင်း သောလူးခေါ်ဆွမ်းလောင်းပွဲမပြုလုပ်သောအိမ်အား ပြန်လာသောဝိဉာဉ်ဆွေမျိုးများမှ မိမိတို့အားသတိမရ၍ ဘာမှမပြုလုပ်ဟုသိရှိပြီး စိတ်ဆိုးကာ အိမ်သူအိမ်သားများအား ဒုက္ခပေးတတ်သည်ဟု ယူဆကြပါသည်။ သို့ရာတွင် ဝိဉာဉ်များတကယ်ပြန်လာသည်/မပြန်လာသည်ကို မည်သူမျှမသိပေ။ သို့ရာတွင်ကရင်နီလူမျိုးများသည် ငရဲနှင့် မောခုထေးကေ့(**[illegible]**)ခေါ် ကောင်းကင်ဘုံသို့ရောက်ရှိနေသော ဝိဉာဉ်များမှအပ ကျန်ရှိသည့်ဝိဉာဉ်ဘုံအဆင့်ဆင့်တွင်ရှိသော ဝိဉာဉ်များသည် ပြန်၍ပေါ်လာနိုင်ကြောင်း ယူဆကြပါသည်။ ထို့ကြောင့် သောလူးခေါ် ဆွမ်းလောင်းပွဲ၏ အနှစ်သာရမှာ သေဆုံးသွားကြသောဆွေမျိုးမိဘများကို သတိယအောက်မေ့သောအားဖြင့် ကောင်းရာသုဂတိဘုံသို့ လားနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းပေးလိုက်ခြင်းသာဖြစ်သည်။

*(၂)ဝေးနေ့( **[illegible]**)ခေါ် မကောင်းဆိုးဝါးများမောင်းထုတ်ပွဲ*

ကရင်နီလူမျိုးတို့သည် အိမ်တိုင်းတွင် စုန်းများ၊ မကောင်းဆိုးဝါးများခိုကပ်တတ်ကြသည်ဟု ယူဆကြပါသည်။ ထို့ကြောင့် ဒီးကူပွဲအချိန်တွင်း ၎င်းတို့ကိုမောင်းချခြင်းအားဖြင့် ဖိုးဒီကရီက ၎င်းတို့ကိုခေါ်ဆောင်သွားကာ အဝေးသို့ပို့ဆောင်ပေးလိုက်သည်ဟု ယူဆကြပါသည်။ စုန်းများ၊ မကောင်းဆိုးဝါးများမောင်းထုတ်ရန်အတွက် ဒီးကူပင်၊ ဝါးပင်နှင့် ဆူးပင်များကိုခုတ်ယူပြီး တံမြက်စည်းအဖြစ်စုစည်းချည်ထားရပါသည်။ ထို့နောက် စောလူးခေါ်ဆွမ်းလောင်းပွဲများပြီးဆုံးသွားပြီးနောက်တစ်နေ့ညသန်းကောင်ကျော်အချိန်တွင် စုန်းနှင့်မကောင်းဆိုးဝါးများကို စတင်မောင်းချရပါသည်။ မောင်းချရာတွင် ဒီးကူရွက်၊ ဝါးနှင့်ဆူးများဖြင့်ပြုလုပ်ထားသော တံမြက်စီးဖြင့် အိမ်တွင်းရှိထောင့်ကြိုထောင့်ကြားနှံ့နေအောင် လှည်းထုတ်ပြီး မကောင်းဆိုးဝါးမောင်းသည့်ဂါထာကို ရွတ်ဆိုရပါသည်။ လှေကားရှိရာသို့ လှည်းထုတ်ရသည်။ လှေကားသို့ရောက်သောအခါ တံမြက်စီးကို လှေကားရင်းသို့ပစ်ချလိုက်ပြီး ပြာတစ်ဆုပ်ကိုပါ ပက်ချရပါသည်။ ရှေးအခါတွင် ဒူးလေးရှိပါက ဒူးလေးတစ်ချက်ကိုပစ်ချရပါသည်။ လုံ့ရှိပါက လုံ့ဖြင့်တစ်ချက်ပစ်စိုက်ချရပါသည်။ သို့သော်ယခုအခါတွင် သေနတ်ရှိသူက သေနတ်ဖြင့်တချက်ပစ်ဖေါက်ချရပါသည်။ သို့မဟုတ် ဗျောက်ဖြင့်ပစ်ဖောက်ချရပါသည်။ ဤကဲ့သို့ပြုလုပ်ရခြင်းမှာ မကောင်းဆိုးဝါးများ အိမ်ပေါ်သို့ပြန်မတက်နိုင်အောင် ပြုလုပ်ခြင်းဖြစ်သည်။ ဤမကောင်းဆိုးဝါးမောင်းချပွဲကို တရွာလုံးက တချိန်တည်းပြုလုပ်သည့်အတွက် ဗျောက်အိုးဖောက်သံ၊ သေနတ်ဖောက်သံတို့ဖြင့် ဆူညံလေ့ရှိကြပါသည်။ ဤကဲ့သို့အိမ်တိုင်းမောင်းချလိုက်သော မကောင်းဆိုးဝါးများသည် တနေရာတွင်သွားစုနေပြီး ညအချိန်တွင် ဖိုးဒီကရီးကိုပို့ဆောင်သောအခါ ဖိုးဒီကရီးက ၎င်းတို့ကိုခေါ်ဆောင်သွားပြီး အဝေးသို့ပို့လိုက်သည်ဟု ယူဆကြပါသည်။

*(၃)ဖိုးဒီကရီး (**[illegible]**)ခေါ် နတ်ရုပ်ပြုလုပ်သည့်ပွဲ*

ကရင်နီလူမျိုးတို့သည် ဖိုးဒီကရီး(**[illegible]**)နတ်ကြောင့် ယွန်းလူမျိုးများကိုမောင်းထုတ်နိုင်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့်ဒီးကူပွဲပြုလုပ်ရာတွင် ဖိုးဒီကရီးနတ်ရုပ်ကို အဓိကပြုလုပ်ကြသည်။ ဖိုးဒီကရီး၏ အဓိပါယ်မှာ ဖိုး(**[illegible]**)ဟူသည် အဘိုးအဖွားဟု အဓိပါယ်ရပြီး ဒီကရီး(**[illegible]**)ဟူသည် တော်စပ်သောနတ်ဟု အဓိပါယ်ရကာ အဘိုးအဖွားတော်စပ်စေသောနတ်မျိုးဖြစ်ကြောင်း အဓိပါယ်ရစေပါသည်။ ဖိုးဒီကရီနတ်မျိုးမှာ ကရင်နီလူမျိုးတို့၏ အဘိုးအဖွားတော်စပ်သည့်နတ်မျိုး သို့မဟုတ်ကရင်နီလူမျိုးများကိုမြေးအဖြစ် တော်စပ်သည့်နတ်မျိုးဖြစ်ပါသည်။ ဖိုးဒီကရီးနတ်သည် ကရင်နီလူမျိုးများကို မြေးကဲ့သို့ချစ်ခင်သည်ဟု ယူဆကြသည်။ ထို့ကြောင့်ဖိုးဒီကရီနတ်ရုပ်ကို အဘိုး သို့မဟုတ်အဖွားဟု ခေါ်စမှတ်ပြုကြပါသည်။ ကရင်နီလူမျိုးတို့သည် ဖိုးဒီကရီးနတ်အား အဘိုးအဘွားကို လေးစားသကဲ့သို့ လေးစားကြပါသည်။ ဖိုးဒီကရီမှာ နတ်မျိုးဖြစ်သောကြောင့် ၎င်းနတ်ရုပ်ပြုလုပ်ရာတွင် အီလူးဖု(**[illegible]**)အုပ်စုက ပြုလုပ်လေ့မရှိပေ။ ကေးဖု(**[illegible]**)အုပ်စုကသာ ပြုလုပ်ရမည်ဖြစ်သည်။ ဒီးကူပွဲစတင်သည့်နေ့တွင် ကေးဖုအုပ်စုမှ ရိုးသားဖြောင့်မတ်သောသူနှစ်ဦးတို့သည် ပလိုင်းတလုံးနှင့် အဝတ်အစားဟောင်းများကိုယူဆောင်၍ ဖိုးဒီကရီနတ်ရုပ်ကိုပြုလုပ်ရန် ရွာပြင်သို့ထွက်သွားကြရပါသည်။ ဖိုးဒီကရီနတ်ရုပ်ကို ရိုးသားဖြောင့်မတ်သောလူပြုလုပ်မှသာလျှင် ရှေ့ရေးကို မေးမြန်းသောအခါ အမှန်အတိုင်းဖြေကြားပေးမည်ဖြစ်သည်။ လိမ်ညာ တတ်သူပြုလုပ်လျှင် မေးမြန်းသောအခါတွင် လိမ်ညာ ဖြေဆိုတတ်သည်ဟု အယူအဆရှိကြသည်။ထို့ကြောင့် ဖိုးဒီးကရီနတ်ရုပ်ပြုလုပ်ရာတွင် များသောအားဖြင့် ရိုးသားဖြောင့်မတ်သောသူတို့ကိုသာ ပြုလုပ်စေရပါသည်။ ဖိုးဒီကရီပြုလုပ်မည့်သူတို့သည် တောထဲသို့ရောက်သောအခါ ဝါးအဆစ်တစ်ဆစ်ကိုခုတ်ယူပြီး အပေါက်ဖေါက်ရပါသည်။ ထို့နောက် ဝါးဆစ်ခေါင်းထဲတွင် မီးကျောက်တစ်လုံး၊ သံမဏိချပ်ငယ်တစ်ခုနှင့် ကြက်တောင်ရိုးတစ်ခုကိုထည့်ထားရပါသည်။

# ကရင်နီ ဒီးကူပွဲတော်

မီးကျောက်နှင့်သံမဏိသည် ရှေးအခါမီးခြစ်မပေါ်မီက မီးရရန်အတွက် မီးခြစ်အသုံးပြုသော ကျောက်မီးခြစ်ဖြစ်ရမည်ဖြစ်သည်။ ပြီးသည့်နောက် ပလိုင်းမှောက်ပြီး ဖင်ကိုအပေါက်ဖေါက်ကာ ဝါးဆစ်ကိုတစ်ဝက်ထိုးထည့်ထားပြီး ခိုင်မာအောင် ချည်ထားရပါသည်။ ပါလာသောအဝတ်အစားဟောင်းများကို ပလိုင်းနှင့်ဝါးဗူးတို့ဖြင့်ပတ်ပြီးချည်ထားလိုက်သောအခါ ခေါင်းမပါဘဲလည်ပင်းသာရှိသော လူတစ်ယောက်ထိုင်နေသည့်ပုံနှင့် တူနေပေသည်။ အားလုံးခိုင်ခန့်အောင်ချုပ်ပြီးသောအခါ ဖိုးဒီကရီးနတ်ပြုလုပ်သူနှစ်ယောက်သည် ဖိုးဒီကရီး၏ဟိုဘက်ဒီဘက်တွင်ထိုင်ပြီးနှစ်ဦးစလုံးမှလက်နှစ်ဘက်ဖြင့် ဖိုးဒီကရီးရုပ်ကိုအသာမကာဖိုးဒီးကရီနတ်ကိုဖိတ်ခေါ်ကြရပါသည်။ ဖိုးဒီးကရီ နတ်ဝင်လာသောအခါ ဖိုးဒီးကရီနတ်ရုပ်သည် အလိုအလျောက်လှုပ်လာမည်ဖြစ်သည်။ ဖိုးဒီးကရီနတ်ဝင်လာပြီဟုသိရသောအခါ ဝင်လာသောဖိုးဒီကရီနတ်အား 'အဖိုးလား၊ အဖွားလား' ဟုမေးရပါသည်။ အဖိုးနတ်ဆိုလျှင် မြေကြီးကို (၃)ချက်ရိုက်ပြမည်ဖြစ်သည်။ အဖိုးနတ်(သို့) အဖွားနတ်ဝင်လာကြောင်းသိရှိသောအခါ နာမည်ကိုမေးရပြန်သည်။ ဖိုးဒီးကရီနတ်၏ အမည်နာမမှာ ပြုလုပ်သောဝါးအဆစ်၏ ဝါးအမျိုးအမည်ပေါ်တွင် မူတည်နေပေသည်။ ဤကဲ့သို့ မေးမြန်းရာတွင် ပြုလုပ်သောဝါးအဆစ်၏ အမျိုးအမည်နှင့်ကိုက်ညီပါက မြေကြီးကို (၃)ချက်ရိုက်ပြရမည်ဖြစ်သည်။ အလယ်၏ဝါးအဆစ်ကို ဝယ်မိ(**ဗၪဲမၯၪ**)ခေါ် ဝါးအမျိုးအစားဖြင့်ပြုလုပ်လျှင် အဖိုးနတ်ဝင်လာပါက နာမည်မှာ 'မိရယ်'(**မၪၐၪဲ**) ဟုခေါ်ရပါသည်။ ထိုနည်းတူ ဝါးဆစ်ကို ဝယ်ဘူး(**ဗၪဲၰၪ့**)ခေါ် ဝါးအမျိုးအစားဖြင့်ပြုလုပ်လျှင် အဘိုးနတ်ဖြစ်ပါက နာမည်မှာ 'ဘူးရယ်'(**ၰၪ့ၐၪဲ**)ဖြစ်ပြီး အဘွားနတ်ဖြစ်လျှင် နာမည်မှာ 'ဘူးမယ်' (**ၰၪ့မၪဲ**)ဖြစ်မည်ဖြစ်သည်။ ဤကဲ့သို့ နာမည်နာမသိရှိပြီးသောအခါ ပါလာသောခေါင်ရည်ကို ခွက်ထဲထည့်ရပါသည်။ ဒီးကူကိုဖြေပြီး သစ်ရွက်ပေါ်တင်၍ ချထားပေးရပါသည်။ ကြက်ပေါင်ရိုးကို မီးဖုတ်ပြီး သစ်ရွက်ပေါ်တင်၍ ချပေးလိုက်ရပါသည်။ ထို့နောက် ဖိုးဒီးကရီ ပြုလုပ်သူတို့သည် တဘက်တချက်တွင် ပြန်ထိုင်၍ ဖိုးဒီးကရီနတ်ရုပ်ကို လက်နှစ်ဘက်ဖြင့် အသာတကြည် 'မ'ကြပြန်ပြီး ချထားပေးသော ခေါင်ရည်၊ ကြက်ပေါင်ရိုးနှင့် ဒီးကူကိုသုံးဆောင်ရန် တောင်းဆိုကြရပါ သည်၊ ထိုအခါ ဖိုးဒီးကရီနတ်ရုပ်သည် ဒီးကူကိုသုံးဆောင်သည့်ဟန်ဖြင့် ဒီးကူပေါ်သို့စောင်းကျပြီး ဒီးကူကိုထိအောင်တို့လိုက်ရသည်၊ ထိုနည်းတူ ချထားသောခေါင်ရည်၊ ကြက်ရိုးများပေါ်တွင်လည်း သုံးဆောင်သည့်ဟန်ဖြင့်စောင်းကျပြီး ထိအောင်တို့ရမည်ဖြစ်ပါသည်၊ ထို့နောက် မည်သူ၏စပါးကျီတွင် သွားနေမည်နည်းဟုမေးရသည်။ ညွှန်ပြသော စပါးကျီသို့ ၎င်းကိုသွားရောက်ဝှက်ထားရပါသည်။ ဤကဲ့သို့သွားရောက်ဝှက်ထားရခြင်းမှာ ဖိုးဒီးကရီနတ်ရုပ်ပြုလုပ်ရာတွင် လျို့ဝှက်စွာပြုလုပ်ရမည်ဖြစ်ခြင်းကြောင့်ဖြစ်ပါသည်။ လူအများသိရှိပါက ဖိုးဒီးကရီနတ်ရုပ်ပြုလုပ်သည့်အခါ လူများလာကြည့်ကြလျှင် ဖိုးဒီးကရီ နတ်မဝင်ဘဲ ရှိတတ်ခြင်းကြောင့်ဖြစ်သည်။ ဖိုးဒီးကရီနတ်ရုပ်ကို စပါးကျီ၌ဝှက်ထားစဉ် တွင် ၎င်းကိုစကောထဲတွင်ထားရှိပြီး ခေါင်ရည်တစ်ခွက်၊ ဒီးကူနှင့် ကြက်ပေါင်ရိုးများထားရှိပေးရပါသည်။ ထို့အပြင် အချို့ရွာများတွင် ဖိုးဒီးကရီနတ်ရုပ်အနေဖြင့် လူရုပ်ပေါ်စေရန် ဗူးသီးကို အိုးမဲသုတ်၍ အပေါက်ဖောက်ပြီး လူ၏မျက်စိ၊ နှာခေါင်းနှင့် ပါးစပ်များ ပုံစံကို ထုံးဖြူဖြင့်ရေးဆွဲ၍ ဝါးဆစ်တွင်စွပ်ထားကြပါသည်။ သို့ဖြစ်၍ အမှောင်ထဲတွင် ရုတ်တရက်မြင်မိပါက ကြောက်စရာဖြစ်နေပေသည်။ ဖိုးဒီးကရီကိုမေးမြန်းသည့်အခါတွင်မှသာ ခေါင်းအဖုံးကိုချွတ်ပစ်ရပါသည်။

ဒီးကူပွဲတွင် သောလူးခေါ် ဆွမ်းလောင်းပွဲပြီးသောအခါ ဖိုးဒီကရီကိုသွား၍ခေါ်ရပါသည်။ သွားခေါ်ရာတွင် ဗုံမောင်းများကိုတီး၍ သွားခေါ်ရပါသည်။ ဖိုးဒီးကရီပြုလုပ်သောသူက ဝှက်ထားသောနေရာသို့လမ်းပြဦးဆောင်သွားရပါသည်။ ရောက်သောအခါ ရွာတွင်းမည်သူ့အိမ်တွင် တည်းခိုမည်နည်းဟု မေးမြန်းရပါသည်။ ဖိုးဒီးကရီသည် အီလူးဖုအုပ်စုအိမ်တွင် တည်းခိုလေ့မရှိပေ။ သို့ဖြစ်၍ ဖိုးဒီးကရီ ညွှန်ပြသည့် ကေ့ဖုအုပ်စုအိမ်သို့ ပို့ဆောင်ရပါသည်။ ထို့သို့ပြန်ယူပို့ဆောင်လာရာတွင် အသစ်ယက်ထားသော စောင်အသစ်တစ်ထည်ဖြင့် ပိုးလာရပါသည်။ ဖိုးဒီးကရီ တည်းခိုမည့်အိမ်ကိုသိသောအခါ ရွာလူကြီးများသည် ကလေး ငယ်သုံးလေးယောက်ကိုစုကာ လေးဘက်ထောက်ခိုင်း၍ လှေကားထိပ်တွင် အဆင်သင့်စောင့်၍နေစေပါသည်။ ဖိုးဒီးကရီ ရောက်လာ၍အိမ်ပေါ်တက်မည်အပြုတွင် ကလေးများကခွေးကဲ့သို့ အသံပြု၍ဟောင်စေရပါသည်။ ထိုအခါ ရှိနေသောလူကြီးများမှ 'အဖိုးရောက်လာတယ် မသိဘူးလား၊ မဟောင်ကြ နဲ့'ဟုဆိုကာ ကလေးများကိုမောင်းထုတ်ကြပါသည်။ ဤသို့ဖြင့် ဖိုးဒီးကရီကို အိမ်တွင်းသို့ယူဆောင်လာပြီး စကောပေါ်တွင်ထားရပါသည်။ ဒီးကူ၊ ခေါင်ရည်နှင့် ကြက်ပေါင်ရိုးတို့ကိုလည်း အဆင်သင့်ထားရှိရပြီး ဖိုးဒီးကရီအား ဟိုဘက်ဒီဘက်ကိုင်၍ အသာအယာ'မ'ကာ သုံးဆောင်စေပါသည်။ ဖိုးဒီးကရီခေါင်းကိုပြုလုပ်ပြီး စွပ်ထားသောရွာများသည် ဖိုးဒီးကရီကိုမေးမြန်းရာတွင်လည်းကောင်း၊ အစားအစာကို သုံးဆောင်စေရာတွင်လည်းကောင်း ထိုခေါင်းကိုချွတ်ထားပေးရပါသည်။ အချို့သော ဖိုးဒီးကရီများသည် ဆေးလိပ်များ၊ ဆေးတံများသောက်တတ် သည်ဟုဆိုလာပါက ဝါးဆစ်ကို အပေါက်ငယ်ဖောက်ပြီး ဆေးလိပ်၊ ဆေးတံကိုမီးငြိပေးကာ ထည့်ထားပေးရပြန်ပါသည်။ ကွမ်းကြိုက်ပါကလည်း ကွမ်းယာ ယာ၍ချထားပေးရကာ အစားအစာသုံးဆောင်စေသကဲ့သို့ 'မ'၍သုံးဆောင်စေပါသည်။ ဖိုးဒီးကရီရွာသို့ရောက်ရှိလာကြောင်း သိရှိသောရွာသားများသည် ဖိုးဒီးကရီတည်းခိုသောအိမ်သို့ရောက်လာကြ၍ မိမိတို့၏ရှေးရေး၊ နောင်ရေးကိစ္စများကိုမေးမြန်းကြပါသည်။ ဖိုးဒီးကရီ အားမေးမြန်းရာတွင် မေးမြန်းလိုသောသူနှစ်ဦးသည် ဖိုးဒီးကရီ၏ တဘက်တချက်စီတွင် ထိုင်၍ နှစ်ဦးစလုံးမှ လက်နှစ်ဘက်ဖြင့် ဖိုးဒီးကရီအား အသာလေးမပြီး ကိုင်ထားကြရပါသည်။ ကိုင်ထား သူနှစ်ဦးထဲမှ

# ကရင်နီ ဒီးကူပွဲတော်

တစ်ဦးက ဖိုးဒီးကရီကိုချီးမွမ်း၍ ဒိုင်ခံမေးမြန်းရပါသည်။ ကိုင်ထားသူနှစ်ဦးမှ တစ်ဦးနှင့်တစ်ဦး သဘောထားချင်း မတိုက်ဆိုင်ကြပါက ဖိုးဒီးကရီသည်မလှုပ်မရှားပဲနေမည်ဖြစ်သည်။ စိတ်သဘောထားချင်းတိုက်ဆိုင်မှသာလျှင် ဖိုဒီးကရီသည် လှုပ်ရှားပြီးအဖြေပေးမည်ဖြစ်သည်။ ဖိုးဒီးကရီအဖြေပေးပုံမှာ မေးသည့်မေးခွန်းပေါ်မူတည်၍ ဟုတ်သည်ဟုဆိုပါက ကြမ်းပြင်အားသုံးချက်ရိုက်ပြ၍ မဟုတ်ပါက ဘယ်ညာသို့ယိမ်းပြမည်ဖြစ်ပါသည်။ မိမိတို့၏ရှေ့ရေး(သို့) နောင်ရေးကိုမေးမြန်းလိုသူတို့မှာ ဖိုးဒီးကရီကိုကိုင်ထားရပြီး ဒိုင်ခံမေးသူမှတဆင့် မေးမြန်းခိုင်းရပါသည်။ လာရောက်မေးမြန်းသူများတွင် အချို့မှာတိုင်းပြည်၏ ရှေ့ရေးအတွက်မေးမြန်းကြပါသည်။ အချို့မှာ မိမိတို့၏ရောဂါ (ကျန်းမာရေး)အကြောင်းကို မေးမြန်းကြပါသည်။ အချို့မှာ မိမိတို့၏ အိမ်ထောင်စုရှေ့ရေးအတွက်မေးမြန်းကြပါသည်။ သို့သော်များသောအားဖြင့် လာရောက်မေးမြန်းကြသောရွာသားများသည် ဒီနှစ်အတွက် မိမိတို့ဆန်စပါးဘယ်နှစ်တင်းထွက်မည်။ ဘယ်နှစ်လှည်းရမည် စသည်တို့ကိုမေးမြန်းကြပါသည်။ ထွက်မည့်အရေအတွက်ကို ဖိုးဒီးကရီက ကြမ်းပြင်တွင်ရိုက်ပြပါသည်။ ဥပမာ ကြမ်းပြင်အား အချက်တစ်ရာရိုက်ပါက အတင်း(၁၀၀)ထွက်မည် ဖြစ်ပြီး၊ လှည်းဖြင့်မေးမြန်းပါက ဆယ်ချက်ရိုက်ပြလျှင် (၁၀)လှည်း ထွက်မည်ဖြစ်သည်။ ဤကဲ့သို့ ဖိုးဒီးကရီရွာတွင်တည်းစဉ် အတောအတွင်း နေ့ရောညပါလာရောက်မေးမြန်းကြပါသည်။ ဖိုးဒီးကရီအား ဒီးကူပွဲကျင်းပပြီးနောက်တစ်ရက်တွင် နှစ်စဉ်နှစ်တိုင်းဖိုးဒီးကရီထားလေ့ရှိသည့်နေရာသို့ သွားရောက်ပို့ဆောင်ရပါသည်။ များသောအားဖြင့် ကရင်နီလူမျိုးတို့သည် ယွန်းလူမျိုးတို့ထွက်ခွာသွားကြရာ မြောက်ဘက်အရပ်သို့ ဖိုးဒီးကရီကိုပို့ဆောင်ထားလေ့ရှိပါသည်။ အကြောင်းမှာ ရေးအယူအဆအရ ယွန်းလူမျိုးများပြန်၍ မဝင်ရောက်လာစေရန်ဖြစ်ပါသည်။ သို့ရာတွင် ယခုခေတ်၌ ယွန်းလူမျိုးများမရှိတော့သဖြင့် ဖိုးဒီးကရီအားပို့ဆောင်ထားရှိရာတွင် မိမိတို့၏ရပ်ရွာကို အန္တရာယ်ပြုလာနိုင်သည့်အရပ်များသို့ ပို့ဆောင်လာကြပါသည်။

ကရင်နီလူမျိုးတို့သည် ဖိုးဒီးကရီအားပို့ဆောင်ရာတွင် ဖိုးဒီးကရီသည်ရပ်ရွာတွင်းရှိ မကောင်းဆိုးဝါးများ၊ စုန်းတစ္ဆေများနှင့် ရောဂါဘေးဘယများကို သယ်ထုတ်သွားပေးသည်ဟု ယုံကြည်ကြပါသည်။ ထို့ကြောင့်ပို့ဆောင်ရာတွင် အိမ်တိုင်းမှ ပြလုံး(**ဇဟဇလ္ဘဗ**)ခေါ် ခြင်းတောင်းငယ်ကို နှီးဖြင့်ယက်လုပ်ကြရပါသည်။ ပြလုံးခေါ် ခြင်းတောင်းငယ်ထဲတွင် ဖွဲကြမ်းသို့မဟုတ် ဝါဂွမ်းစေ့ကိုထည့်ထားပြီး ဒီးကူတစ်စည်းနှင့်အတူ ဖိုးဒီးကရီကိုသွားရောက်ပေးဆောင်ကြရပါသည်။ ပြလုံးခေါ် ခြင်းတောင်းငယ်အားပို့ပေးရခြင်းမှာ အိမ်ရှိရောဂါဘေးဘယများကို ဖိုးဒီးကရီကသယ်ယူသွားပေးရန်နှင့် ဒီးကူမှာ ဖိုးဒီးကရီနှင့်သွားရောက်ပို့ဆောင်သူတို့စားသုံးရန် ဖြစ်ပါသည်။ ဖိုးဒီးကရီအား သွားရောက်ပို့ဆောင်သူတို့သည် ရွာသားများလာရောက်ပေးဆောင်ကြသော ပြလုံးနှင့်ဒီးကူအား ဖိုးဒီးကရီနှင့်အတူ လူနှစ်ယောက်ကိုထမ်းစေလျှက် ဗုံမောင်းများတီးကာ နှစ်စဉ်သွားရောက်ပို့ဆောင်ခဲ့သည့်နေရာသို့ သွားရောက်ပို့ကြရပါသည်။ ပို့ဆောင်သည့်နေရာသို့ရောက်သောအခါ ဖိုးဒီးကရီအားချပြီး ပို့ဆောင်သူတို့သည် မိမိတို့၏ရှေ့ရေး(သို့မဟုတ်) နောင်ရေးကိုလည်းကောင်း၊ တိုင်းပြည်၏ရှေ့ရေးကိုလည်းကောင်း ရပ်ရွာ၏အရေးကိစ္စများကိုလည်းကောင်း နောက်ဆုံးအနေဖြင့်ဖိုးဒီးကရီကို ထပ်မံ၍မေးမြန်းကြလေ့ရှိပါသည်။ ထို့နောက် ဖိုးဒီးကရီတွင်ထည့်ထားသည့် မီးခြစ်ကျောက်၊ သံမဏိပြားနှင့် ကြက်ရိုးကိုထုတ်ယူပြီး ပြန်လည်၍သိမ်းဆည်းထားရပါသည်။ ထိုသို့ပြန်၍ထုတ်ယူရခြင်းမှာ အကယ်၍မထုတ်ယူပဲ ဤအတိုင်းထားရှိပါက ဖိုးဒီးကရီနတ်သည် အဝေးသို့မသွားရောက်နိုင်သဖြင့် ရပ်ရွာတွင်းသို့ပြန်လာပြီး အနှောင့်အယှက်ပေးတတ်သည်ဟု ယူဆထားခြင်းကြောင့်ဖြစ်သည်။ ပို့ဆောင်သူတို့သည် ပါလာသောဒီးကူနှင့် ခေါင်ရည်တို့ကိုစားသောက်ကြပြီး ကျန်သည်များအား ဖိုးဒီကရီရုပ်နှင့်အတူ ထားခဲ့ပေးကြရပါသည်။ အချို့ရွာများတွင် စင်များကိုဆောက်ပေး၍ အချို့ရွာများမှာ ထားခဲ့စရာအတွက်သစ်ပင်ကောင်းများရှိပါက သစ်ပင်များပေါ်တွင်သာ တင်ထားခဲ့ကြပါသည်။ ပြလုံးများကိုမူ ဝါးလုံးရှည်တွင် တန်းစီ၍ချည်ထားကြပြီး လမ်းကိုကန့်လန့်ဖြတ်၍တင်ထားရပါသည်။ ထို့ကြောင့် ရွာတွင်းသို့ဝင်ထွက်ရာတွင် ၎င်းပြလုံးများအောက်တွင်သာ ဖြတ်သွားကြရပါသည်။

ဒီးကူပွဲတော်သည် အမျိုးသားအောင်ပွဲတစ်ရပ်၏ အထိမ်းအမှတ်ပွဲတော်တစ်ရပ်ပင်ဖြစ်သော်လည်း ပွဲတော်ကျင်းပပြုလုပ်ရာတွင် ရိုးရာဓလေ့ထုံးစံနှင့်ပေါင်းစပ်သောကြောင့် ရိုးရာပွဲတော်အသွင်ဆောင်လျှက်ရှိလာခဲ့ပါတော့သည်။